# ပြည်သူ့အာဏာ သတင်းလွှာ

အမှတ်စဉ် (၄) ၁၉၇၅ ၊ စက်တင်ဘာ ၂၃ ရက်



# နိုင်ငံရေးအစီရင်ခံစာကိုတညီတ ညွတ်တည်းအတည်ပြုလိုက်ပြီ

## ကန့်ကွက်သူမရှိတညီတညွတ်တည်းအတည်ပြုလိုက်ခြင်း



နိုင်ငံရေးအစီရင်ခံစာကို ကိုယ်စားလှယ်များက တခဲနက် အတည်ပြုလိုက်စဉ်

စက်တင်ဘာ ၂၃

ဗမာပြည်ကွန်မြူနစ်ပါတီ တတိယအကြိမ်မြောက် ပြည်လုံးကျွတ် ပါတီကွန်ဂရက်သို့ တင်သွင်းသော ဗဟိုကော်မတီ၏ နိုင်ငံရေး အစီရင်ခံစာကို ကိုယ်စားလှယ်စုံညီ အစည်းအဝေးကြီးက ယနေ့ နေ့လည် ၁၃.၃၀ နာရီတွင် တညီတညွတ်တည်း အ

၂ ကော်လံ ၂ သို့ ★

# ကွန်ရက်သတင်းလွှာ

## နိုင်ငံရေးအစီရင်ခံစာရဲ့ စိတ်ဓါတ်ကိုမြဲမြဲမြံမြံကိုင်စွဲပြီးအောင်ပွဲဆီသို့ချီတက်ကြပါစို့

ပါတီကွန်ရက်ကြီးက နိုင်ငံရေး အစီရင်ခံစာကို တခဲနက် ထောက်ခံ အတည်ပြုလိုက်ပေပြီ။

ကျွန်ုပ်တို့နိုင်ငံရေး အစီရင်ခံစာတွင် ပါတီနှင့် တော်လှန်ရေးအတွက် အသက်သွေးကြောဖြစ်သော လုပ်ငန်းစဉ်၊ လမ်းစဉ်၊ ဗျူဟာလုပ်ငန်း တာဝန်တို့ကို ရှင်းလင်းဖော်ပြထားသည်။

အစီရင်ခံစာအား ယခုကဲ့သို့ကွန်ရက်ကြီးမှ တခဲနက်အတည်ပြုလိုက်ခြင်းမှာ ပါတီနှင့် တော်လှန်ရေးအတွက်ကြီးမားသော တွန်းအားဖြစ်စေသည်မှာ ယုံမှားဘွယ်ရာ မရှိချေ။

ကွန်ရက်မှ ချမှတ်လိုက်သော လုပ်ငန်းစဉ်၊ လမ်းစဉ်၊ ဗျူဟာလုပ်ငန်း တာဝန်တို့ကို အောင်မြင်စွာအကောင်အထည်ဖော်ရေးမှာ ပါတီဝင်အားလုံး၊ တပ်မတော်သားတရပ်လုံး၏ မျက်မှောက် အရေးကြီးဆုံး တာဝန်ဖြစ်ပေသည်။ ထို့အတူ ပါတီဝင်တိုင်း၊ တပ်မတော်သားတိုင်း အနေဖြင့် အစီရင်ခံစာ ပါ စိတ်ဓါတ် အပေါ်တွင် အခြေခံပြီး တဆင့်တိုး သွေးစည်းသွားကြရပါလိမ့်မည်။

ယခု ချမှတ်လိုက်သည့်လုပ်ငန်းစဉ်၊ လမ်းစဉ်၊ တာဝန်တို့ကိုသွေး →

စည်းညီညွတ်မှု၊ တက်ကြွမှု တို့ဖြင့် ပေါင်းစပ်လိုက်ပါက ဗမာပြည် တော်လှန်ရေး အတွက် ရောမရုပ်ဝတ္ထုအင်အားကြီး ဖြစ်လာမည်ဟု ကျွန်ုပ်တို့ ခိုင်မြဲစွာယုံကြည်ပေသည်။

တပါတီလုံး သွေးစည်းညီညွတ်ပြီး ပြည်သူလူထုကိုလှုံ့ဆော်၊ စည်းရုံး၊ မှီခိုအားထားကာ အခက်အခဲဟူသမျှကို ကျော်နင်းပြီး ပိုမိုကြီးမားသည့် အောင်ပွဲများကို အရယူသွားကြပါစို့။

နိုင်ငံရေးအစီရင်ခံစာမှ ★

တည်ပြုလိုက်ပြီဟုသိရသည်။

၁၂ ရက်ကြာ
ဆွေးနွေးခဲ့

ဗဟိုကော်မတီ၏ နိုင်ငံရေး အစီရင်ခံစာကို ကိုယ်စားလှယ် ရဲဘော်များ အနေဖြင့် အစုစုခွဲကာ ၇ ရက်ကြာမျှ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အစုကိုယ်စား အမြင်နှင့် တဦးချင်း အမြင်များကို ၃ ရက်ကြာမျှ ခုံညီအစည်းအဝေးကြီးတွင် တင်ပြကြသည်။ တဖန် ဗဟိုကော်မတီ၏ ကိုယ်စားနိုင်ငံရေး ဦးဆောင်အဖွဲ့ဝင် ရဲဘော်များက အရေးကြီး ပြဿနာများကို ၂ ရက် ပြန်လည်ရှင်းလင်းတင်ပြခဲ့သည်။

ဥက္ကဋ္ဌကတင်ပြ

ယနေ့ နေ့လည်တွင် ကွန်ဂရက် သဘာပတိအဖွဲ့ ကိုယ်စား သဘာပတိအဖွဲ့ ဥက္ကဋ္ဌ ရဲဘော် ဗသိန်းတင်က ကိုယ်စားလှယ် ရဲဘော်များထံ အောက်ပါအချက်များ ပါရှိသော အချက်၄ ချက်ကို တင်ပြလိုက်သည်။

ကိုယ်စားလှယ်ရဲဘော်များ အကြံပြုထားတဲ့ သင့်တော် မှန်ကန်တဲ့ အချက်အလက် များကို သဘာပတိ အဖွဲ့ဝင် အချို့ ပါဝင်သော အစု တစုကို တာဝန်ပေးပြီး ပြုပြင် အချောကိုင်သွားမည်။

ကျွန်ရက်မှ နိုင်ငံရေး အစီရင်ခံစာကို တညီတညွတ် ထဲ အတည်ပြုကြပါကြောင်း သဘာပတိ အဖွဲ့မှတင်ပြပါသည်။

လက်ထောင်ပြီး
ဆန္ဒပေး

သဘာပတိဥက္ကဋ္ဌက ထို သို့တင်ပြပြီးနောက် ကိုယ်စား လှယ်ရဲဘော်များထံမှ လက် ထောင်ပြသော စနစ်ဖြင့်ဆန္ဒ ယူရာ ဗဟိုကော်မတီ၏နိုင် ငံရေး အစီရင်ခံစာကို အတည် ပြုချက်ယူသည်။

ကွန်ဂရက်တွင် တက်ရောက် လာကြသော ကိုယ်စားလှယ် ရဲ ဘော်များက နိုင်ငံရေး အစီရင် ခံစာကို တညီတညွတ်တည်း ကန့်ကွက်သူမရှိ အတည်ပြု လိုက်ကြသည်။

## ဒီနေ့သတင်းလွှာ


နိုင်ငံရေးအစီရင်ခံစာ အတည်ပြု ၁

ဘဏ္ဍာရေးအစီရင်ခံစာ အတည်ပြု ၈

မြေယာနှင့်ပဒေသရာဇ်စာတမ်း; [illegible] ။

နိုင်ငံရေးအစီရင်ခံစာကိုအတည်ပြု ဥက္ကဋ္ဌရဲဘော်ဗသိန်းတင် တင်ပြ ၃

နိုင်ငံရေးအစီရင်ခံစာရဲ့စိတ်ဓါတ်ကိုကိုင်စွဲပြီးအောင်ပွဲဆီသို့ ။

# နိုင်ငံရေးအစီရင်ခံစာပါရေးသားချက်များကိုအတည်ယူရန်ရဲဘော်ဗသိန်းတင်ကတင်ပြသွားခြင်း



နိုင်ငံရေးအစီရင်ခံစာပါရေးသားချက်များကိုအတည်ပြုရန်ရဲဘော် ဗသိန်းတင်ကတင်ပြနေစဉ်၊

စက်တင်ဘာ ၂၃ .

ယနေ့ ပြုလုပ်သောကိုယ်စားလှယ် ခံညီ အစည်းအဝေးတွင်သဘာပတိအဖွဲ့ ဥက္ကဋ္ဌ ရဲဘော်ဗသိန်းတင်က အောက်ပါ အတိုင်းတင်ပြခဲ့သည်။

“၂၄ ကြိမ် ဗဟိုကော်မတီ ဆုံးဖြတ်ချက်များတွင် ပါရှိသော အချို့သောရေးသားချက်များသည် ယခုကွန်ဂရက်မှ အတည်ပြုလိုက်သော နိုင်ငံရေးအစီရင်ခံစာပါ ရေးသားချက်များနှင့်ကွဲလွဲနေပါက နိုင်ငံရေး အစီရင်ခံစာပါ ရေးသားချက်များကသာအတည်ဖြစ်သည်ဟုယူဆကြဘို့ သဘာပတိ အဖွဲ့မှတင်ပြ ပါတယ်။”

## ကိုယ်စားလှယ်များ တင်ပြချက်

ယခင်ရက်များက ကိုယ်စားလှယ် ရဲဘော်များ တင်ပြဆွေးနွေးကြရာတွင် ၂၄ . ကြိမ် ဗဟိုကော်မတီ ဆုံးဖြတ်ချက်နှင့် ယခုနိုင်ငံရေး အစီရင်ခံစာတို့တွင် အချို့အချက် အလက်များ မတူကွဲပြားနေသည်ဟု ပါရှိခဲ့သည်။ ထို့ကြောင့် ကျိုကြောင်း ပါတီ တွင်း၌ရှင်းရှင်းလင်းလင်း ဖြစ်သွားစေရန် ယခုကဲ့သို့ သဘာပတိအဖွဲ့ကအဆုံးအဖြတ်ပေးလိုက်ခြင်းဖြစ်သည်။

တနေ့တာ အစည်းအဝေးတွင် ခေတ္တ အနားယူစဉ်ကိုယ်စားလှယ် ရဲဘော်များ အနားယူနေကြစဉ်



ဘဏ္ဍာရေး အစီရင်ခံစာမှ ●


အချိန်ယူဆွေးနွေးကြ

ကိုယ်စားလှယ်ရုံးတော်များသည် ဗဟိုကော်မတီ၏ ဘဏ္ဍာရေး အစီရင်ခံစာကို စက်တင်ဘာ ၂၃ ရက် နေ့ ညနေ နှင့် စက်တင်ဘာ ၂၄ ရက် နေ့ မနက်ပိုင်း တို့တွင် အချိန်ယူ ဆွေးနွေးခဲ့ကြသည်။


တညီတညွတ်တည်း

စက်တင်ဘာ ၂၄ ရက်နေ့ နေ့လည်တွင် ပြုလုပ်သောကိုယ်စားလှယ် စုံညီ အစည်းအဝေး၌ ဘဏ္ဍာရေး အစီရင်ခံစာနှင့်ပတ်သက်၍ ကိုယ်စားလှယ်အများစုမှ တင်မြှင့်ချက် အကြံပြုချက်များ တင်ပြပြီး ဘဏ္ဍာရေးအစီရင်ခံစာကို ကန့်ကွက်သူ မရှိ တညီတညွတ်တည်း အတည်ပြုလိုက်ကြသည်။

ယနေ့ အစည်းအဝေးတွင် ကိုယ်စားလှယ် ၁၉၆ ယောက်တက်ရောက် ခွင့်ရှိသည့်အနက် ၁၈၈ ယောက် တက်ရောက်သည်။ ရာခိုင်နှုန်းအားဖြင့် ၉၅.၉၁ ရှိသည်။



ဘဏ္ဍာရေး အစီရင်ခံစာ အပေါ် ကိုယ်စားလှယ်အစုတစ်စု ဆွေးနွေးနေစဉ်။



ဘကျော်ဘရေး အဓိရုံးခံစာအဆောက်ကိုယ်စားလှယ်အစုတစ်စုဆွေးနွေး
နေစဉ်။




တနေ့တာ အစည်း
အဝေး ပွဲကြီး ဆုံး
ချိန်တွင် ကိုယ်စား
လှယ်များ ခန်းမတွင်း
မှ ထွက်ခွာလာကြစဉ်

# ပါတီစည်းမျဉ်းနှင့်နည်းဥပဒေပြင်ဆင်ရေးဆွဲရေးဗဟိုကော်မတီသစ်အားတာဝန်လွှဲမည်

စက်တင်ဘာ ၂၃

ယနေ့ အစည်းအဝေးပွဲတွင် ကွန်ဂရက်သဘာပတိအဖွဲ့ ဥက္ကဋ္ဌ ရဲဘော်ဗသိန်းတင်က ကိုယ်စားလှယ် ရဲဘော်များထံ တင်ပြသော အချက်လေးချက်အနက် ဒုတိယအချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

အချိန်ယူရေးဆွဲမည်

“ကိုယ်စားလှယ် ရဲဘော်များ အကြံပြုထားတဲ့ ပါတီစည်းမျဉ်းနဲ့ နည်းဥပဒေပြင်ဆင်ရေးဆွဲရေးကိစ္စ၊ ဤကိစ္စကို ကွန်ဂရက်မှ အတည်ပြုထားသော နိုင်ငံရေးအစီရင်ခံစာ ပါစိတ်ဓါတ်နှင့်လုပ်ငန်းတာဝန်များကို အခြေခံကာ ကွန်ဂရက်က ရွေးကောက်တင်မြှောက်လိုက်သော ဗဟိုကော်မတီမှ အချိန်ယူပြီး ရေးဆွဲသွားကြ၍ ကွန်ဂရက်ကြီးမှ ဆုံးဖြတ်သည်ဟူသော ဆုံးဖြတ်ချက်တခုကို ချပေးကြပါရန် သဘာပတိအဖွဲ့က တင်ပြပါတယ်”။


သဘောတူကြ

ထို့နောက် ယင်းတင်ပြချက်ကို ကိုယ်စားလှယ် ရဲဘော်များထံ ဆန္ဒယူရာတွင် ရဲဘော်အားလုံးက သဘောတူကြကြောင်း တညီတညွတ်တည်း ဆန္ဒပေးခဲ့ကြသည်။




စာတည်း:
ကွန်ဂရက်သတင်းလွှာ

တတိယအကြိမ်မြောက်ပြည်လုံးကျွတ်ပါတီကွန်ဂရက် အတွက်လုံခြုံရေးတာဝန်ယူရကြသည့်ရဲဘော်များက တာဝန်ယူနေကြစဉ်



တတိယအကြိမ်မြောက်ပြည်လုံး
ကျွတ်ပါတီကွန်ဂရက်

မှတ်တမ်းနှင့်ပြန်ကြားရေး
ကော်မရှင်

**မြေယာနှင့်ပဒေသရာဇ်မှု**

ကျွန်ုပ်တို့ရှင်းပြရာတွင် မြေယာ တာဝန်ခံ ရဲဘော်က သမိုင်းဆိုင်ရာ အချက်အလက်၊ မလွှတ်မြောက်သေးသော ဒေသမှ အချက် အလက် ပုံနှိပ်အထောက်အထား စသည်တို့ကိုတင်ပြ ကိုးကားသွားသည်။

၈၃.၂၄%

ယနေ့အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ပေါင်း ၇ ၁၉၆ ယောက်ရှိသည့်အနက် ၁၇၁ ယောက်တက်ရောက်သည်။ ရာနှုန်းအားဖြင့် ၈၃.၂၄ရာ နှုန်းရှိသည်။



တတိယအကြိမ်မြောက်ပြည်လုံးကျွတ်ပါတီကွန်ဂရက်၏ နဝမနေ့ အစည်းအဝေးပွဲတွင်ကိုယ်စားလှယ်များ စုံညီစွာတက်ရောက်နေစဉ်။

လျှပ်စစ်တက်ခန်း



ကွန်ရက်စတင်သည်မှစ၍ ကွန်ရက်ခန်းမအတွင်းပြော ဆိုဆွေးနွေးမှုများကိုလျှပ် စစ်ခန်းမအတွင်းမှရဲဘော်များ က အသံသွင်းယူနေစဉ်။

# ဘဏ္ဍာရေးအစီရင်ခံစာကိုအတည်ပြုလိုက်ပြီ

စက်တင်ဘာ ၂၄

ပါတီဗဟိုကော်မတီ၏ ဘဏ္ဍာရေး အစီရင်ခံစာကို လွှတ်ခဲ့သည့် ရက်အချို့မှစ၍ ကိုယ်စားလှယ် ရဲဘော်များ ထံ ကြိုတင်ဖြန့်ဝေ ပေးထားခဲ့သည်။

ဘဏ္ဍာရေးတာဝန်ခံ
တင်မြ

စက်တင်ဘာ ၂၃ ရက်နေ့ နေ့လည်ပိုင်း ကိုယ်စားလှယ်စုံ ညီအစည်း အဝေး ကြီးတွင် ဗဟိုဘဏ္ဍာရေးမှူး တာဝန်ခံ နိုင်ငံရေးဦးဆောင် အဖွဲ့ဝင် ရဲဘော်တဦးက ကျွန်ုပ်အစီရင်ခံစာနှင့် ပတ်သက်၍ ရှင်းလင်း ပြောပြခဲ့သည်။ ထို့နောက် ကိုယ်စားလှယ်များ ဆွေးနွေးပြီး သဘောတူ ပေးကြပါကြောင်း တင်ပြသည်။

ရှေ့ကော်လန် ၁ သို့

# မြေယာနှင့်ပဒေသရာဇ်တပိုင်းပြဿနာ
## ဗဟိုကော်မတီမှပြန်လည်ရှင်းပြခြင်း

စက်တင်ဘာ ၂၃

ကွန်ဂရက်ခန်းမကြီးတွင် ယနေ့ပြုလုပ်သော ကိုယ်စားလှယ်စုံညီ အစည်းအဝေး၌ ကိုယ်စားလှယ်ရဲဘော်များတင်ပြ ဆွေးနွေးကြသော အချက်များ အနက် မြေယာနှင့် ပဒေသရာဇ်တပိုင်း တိုင်းပြည် ပြဿနာကို ဗဟိုကော်မတီ၏ ကိုယ်စား နိုင်ငံရေးဦးဆောင် အဖွဲ့က ပြန်လည်ဆွေးနွေးရှင်းပြသည်။

ရှေ့ကော်လန် ၁ သို့



သဘာပတိအဖွဲ့၏တာဝန်ပေးချက်အရ တင်သွင်းသော ဗဟိုကော်မတီ၏ဘဏ္ဍာရေး အစီရင်ခံစာကိုအတည်ပြုလိုက်ရာတွင် ကိုယ်စားလှယ်ရဲဘော်များက လက်ခုပ်တီးပြကာလေး ကြစဉ်။